BURMESE

Health
South Eastern Sydney
Local Health District

# “ဟဲ့ပတိုက်တစ် -စီ” စီ အမျိုးအစား အသည်းရောင်ရောဂါ။

# HEPATITIS C

## “ဟဲ့ပတိုက်တစ် - စီ” ဆိုသည်မှာ အဘယ်နည်း။

## What is hepatitis C?

- ဟဲ့ပါတိုက်တစ် ဆိုသည်မှာ အသည်း နာကျင်ဖူးရောင်နီရဲနေသည်ဟု အဓိပ္ပါယ်ပေါက်ပါသည်။
- ဟဲ့ပါတိုက်တစ် အသည်းရောင်ခြင်း ဖြစ်စေတာတွေကတော့ ဓါတ်ဆေးများ၊ မူးယစ်ဆေးဝါး၊ သေရည်အရက် အလွန်အမင်းသောက်ခြင်း၊ သို့မဟုတ် ဗိုင်းရပ်ရောဂါပိုးများ စွဲကပ်ခြင်းကြောင့် ဖြစ်နိုင်ပါသည်။
- “ဟဲ့ပါတိုက်တစ် စီ” ကတော့ “ဟဲ့ပါတိုက်တစ် စီ” ဗိုင်းရပ်ရောဂါပိုးကြောင့် ဖြစ်ပါသည်။ ဤရောဂါပိုးမျိုး အမျိုးအစားများစွာရှိပါသည်။
- စီ အမျိုးအစား အသည်းရောင်ရောဂါစွဲကပ်သည့်သူများအနက် ၄ ပုံ ၁ ပုံ တို့က ၆ လ အတွင်း မိမိခန္ဓာကိုယ်မှ ရောဂါပိုးများကို ရှင်းပစ်နိုင်သည်။
- ကျန်သည့်ပုဂ္ဂိုလ်များမှာတော့ သက်ဆုံးတိုင် ထိုရောဂါပိုးကို သယ်ဆောင်သွားမည်ဖြစ်ပြီး၊ အချို့ အနေနှင့်နှစ်ပေါင်းများစွာကြာပြီးနောက် အသည်း ထိခိုက်ပျက်ခြင်း သို့မဟုတ် အသည်းကင်ဆာရောဂါ ဖြစ်ခြင်း ခံရပေမည်။

## စီ အမျိုးအစား အသည်းရောင်ရောဂါ၏ လက္ခဏာများသည် အဘယ်နည်း။

## What are the symptoms of hepatitis C?

ရောဂါ၏ လက္ခဏာများ စီ-အမျိုးအစား အသည်းရောင်ရောဂါ ဗိုင်းရပ်ပိုး စွဲကပ်ပြီး နှစ်ပေါင်းအတန်ကြာပြီးမှပေါ်လာတတ်ပါသည်။ ရောဂါလက္ခဏာများတွင် အောက်ပါတို့ ပါဝင်နိုင်ပါသည်။

- မောပန်းနွမ်းနယ်ခြင်း
- ခံတွင်းပျက်နေခြင်း
- မူးဝေအော့အန်ခြင်း
- ညာဖက် နံရိုးအောက် နာကျင်ခြင်း
- ဖျားခြင်း
- အရိုးအဆစ် နာကျင်ခြင်း
- စိတ်အပြောင်းအလဲမြန်ခြင်း စိတ်ဓါတ်ကျခြင်း

## စီ အမျိုးအစား အသည်းရောင်ရောဂါ မည်ကဲ့သို့ပျံ့နှံ့စေ သနည်း။

## How is hepatitis C spread?

ဟဲ့ပါတိုက်တစ် စီ ဗိုင်းရပ်ရောဂါပိုးသည် ရောဂါစွဲကပ်နေသူ၏ သွေးထဲတွင်ရှိနေသည်။ ထိုရောဂါပိုးများကို အောက်ပါနည်းများဖြင့် ပြန့်ပွါးစေနိုင်သည်။

- ဆေးထိုးရာ၊ ခွဲစိတ်ကုသရာ၊ သွားနှုတ်ရာ၊ နှင့် ထိုးကွင်းမင်ကြောင် ထိုးရာတို့တွင် အသုံးပြုသော ကိရိယာများ မသန့်လျှင်၊
- သွေးသွင်းရာမှာ သွင်းသည့်သွေးထဲ ရောဂါပိုးပါလျှင်၊ ဩစတြေးလျားနိုင်ငံတွင် သွေးမသွင်းပေးမီ၊ သွင်းမည့်သွေးတွင် စီ-အမျိုးအစား အသည်းရောင်ရောဂါပိုး ပါမပါ စစ်ဆေးပြီးမှ သွင်းပေးသည်။
- စီ-အမျိုးအစား အသည်းရောင်ရောဂါရှိသူ၏ (သွေးစွန်းနေသော) မုတ်ဆိတ်ရိတ်ဓါး၊ သွားပွတ်တံ၊ သုံးမိလျှင်၊
- တစ်ခါတစ်ရံ စီ-အမျိုးအစား ဗိုင်းရပ်ရောဂါပိုး စွဲကပ်နေသည့်အမျိုးသမီးမှ ကလေးဆီသို့ ကိုယ်ဝန်ဆောင်နေစဉ်သော်လည်းကောင်း၊ မွေးဖွားချိန်တွင်သော်လည်းကောင်း ရောဂါကူးစက်စေနိုင်သည်။ မိခင်အနေနှင့် မကြာသေးမီကမှ ရောဂါစွဲကပ်ခဲ့လျှင် အန္တရာယ်ပိုရှိပါသည်။ စီ-အမျိုးအစား အသည်းရောင်ရောဂါကို နို့တိုက်ရုံနှင့်ကူးစက်ပုံမပေါ်ပါ။ အမေနို့ထဲ သွေးပါလျှင်တော့ ကူးစက်နိုင်သည်။
- စီ-အမျိုးအစား အသည်းရောင်ရောဂါကို ကာမဆက်ဆံရုံမျှနှင့်စွဲကပ်ခြင်းမှာ ရှားပါးပါသည်။ သွေးနှင့်ထိတွေ့မိမှကူးစက်ရန် အလားအလာ ပိုရှိလာပါ သည်။

## စီ-အမျိုးအစား အသည်းရောင်ရောဂါ ဖြစ်နေပါသည်ဟု ဆရာဝန်တွေက မည်ကဲ့သို့အကဲဖြတ်သနည်း။

## How is hepatitis C diagnosed?

- သွေးကိုစစ်ခြင်းအားဖြင့် သင်သည် စီ-အမျိုးအစား အသည်းရောင်ရောဂါ ဗိုင်းရပ်ရောဂါပိုး စွဲကပ်နေခြင်း ရှိမရှိ သိနိုင်သည်။ ရောဂါစွဲကပ်ပြီး ၆ လ ခန့်နေတော့မှ သွေးစစ်သောနည်းဖြင့် ရောဂါပိုးကို တွေ့ရှိနိုင်မည်ဖြစ်သည်။
- သွေးစစ်ခြင်းအားဖြင့်လည်း သင်သည် ရောဂါပိုး စွဲကပ်ခဲ့ပြီးသည့်နောက် သင့်ခန္ဓာကိုယ်မှ ရောဂါပိုးကို ပယ်ဖျက်လိုက်ပြီ ဆိုသည်ကိုလည်း သိနိုင်သည်။
- သင်သည် ခန္ဓာကိုယ်တွင်းမှ ရောဂါပိုးများရှင်းပစ်ပြီးသည့်တိုင်အောင် ထိုရောဂါပိုးကိုဖျက်စီးလိုက်သည့် ပဋိတင်းဓါတ်မှ ခန္ဓာကိုယ်တွင်းရှိ ရောဂါပိုးများကို ဖျက်စီးပေးသော ပဋိပစ္စည်းများသည် သင်၏သွေးထဲတွင် ကျန်ရှိနေမည်ဖြစ်သည်။
- သင်သည် စီ-အမျိုးအစား အသည်းရောင်ရောဂါကို ဖျက်စီးသော ပဋိပစ္စည်း သွေးထဲမှာရှိလျက် ခန္ဓာကိုယ်မှ ဗိုင်းရပ်ရောဂါပိုးများကို ရှင်းမပစ်နိုင်သေးလျှင် သင်၏ဆရာဝန်သည် သင့်အား အထူးကုဆရာဝန် သို့မဟုတ် အထူးကုဆေးခန်းသို့ ညွှန်းပေးဖွယ်ရှိပါသည်။

## စီ-အမျိုးအစား အသည်းရောင်ရောဂါကို မည်ကဲ့သို့ကုရသနည်း။
## How is hepatitis C treated?

- ကုသခြင်း၏ ရည်ရွယ်ချက်မှာ သင်၏ခန္ဓာကိုယ်တွင်းမှ စီ-အမျိုးအစား အသည်းရောင်ရောဂါကို သန့်ရှင်းပစ်ရန်ဖြစ်သည်။ ကုသမှုကို အသည်းဖက်ဆိုင်ရာ အထူးကုဆေးခန်းများမှ ဆောင်ရွက်ပေးလျက် ၆ လ မှ ၁၂ လ အထိကြာအောင် ကုသရဖွယ်ရှိပါသည်။

သင်သည် စီ-အမျိုးအစား အသည်းရောင်ရောဂါစွဲကပ်နေလျှင်၊ အောက်ပါအတိုင်း ဆောင်ရွက်ခြင်းဖြင့် သက်သာရာ ရစေမည်။

- သေရည်အရက် သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း။
- အဆီအအိမ့်ကိုရှောင်လျက် ဟင်းသီးဟင်းရွက် နှင့် သားငါး တို့ကို နေ့စဉ် မျှတစွာစားခြင်း။
- ကျန်းမာရေး လေ့ကျင့်ခန်းကို မှန်မှန်လေ့ကျင့်ခြင်း။
- မောပန်းလာသည်နှင့် အနားယူခြင်း။

သင်၏မိသားစုဆရာဝန်ထံ မှန်မှန် သွားရောက်ပြီး ကျန်းမာရေးဆေးစစ်ရန် အရေးကြီးပါသည်။

## ကျွန်ုပ် စီ- အမျိုးအစား အသည်းရောင်ရောက ရှိသည့်အကြောင်း မည်သူ့အား ပြောပြရန်လိုပါသနည်း။
## Do I have to tell anyone if I have hepatitis C?

သင် စီ-အမျိုးအစား အသည်းရောင်ရောဂါ စွဲကပ်နေသည့်အကြောင်းကို သွေးလှူသည့်အခါ နှင့် အသက်အာမခံထားသည့်အခါမှ လွဲ၍ မည်သူ့ကိုမျှ ပြောပြရန် မလိုပါ။

က်ပါတို့မှ ရရှိနိုင်ပါသ

| |
|---|
| **သိသင့်သည့် အကြောင်းအရာများ ထပ်မံသိလိုသေးလျှင် အောက်ပါတို့မှ ရရှိနိုင်ပါသည်။** |